# အသင်းတော် နိုပ်စက်ညှဥ်းပန်းခြင်း

YR C
NO. 24

အလွတ်ကျမ်းချက်။ ။ ရှင်ယောဟန်ခရစ်ဝင် ၁၅:၁၉

“သင်တို့သည် လောကီနှင့်ဆက်ဆံလျှင်၊ လောကီသားတို့သည် မိမိတို့နှင့် ဆက်ဆံသော သင်တို့ကို ချစ်ကြလိမ့်မည်။ သင်တို့သည် လောကီနှင့်မ ဆက်ဆံ၊ လောကီထဲက ငါရွေးကောက်သောသူဖြစ်သောကြောင့်၊ လောကီသားတို့သည် သင်တို့ကို မုန်းကြ၏။”



## တနင်္ဂနွေနေ့ | အယူမှားသူကား အဘယ်သူနည်း ၁

အကယ်၍ သင်သည် အေဒီ ၃၈၀ နောက်ပိုင်း ရောမအင်ပါယာ၏ အချို့နေရာများတွင် အသက်ရှင်နေထိုင်ခဲ့ပါလျှင်၊ သင်သည် “ခရစ်ယာန်” တစ်ဦး ဖြစ်လာခဲ့မည်ဖြစ်သည်။ သင်သည် သမ္မာကျမ်းစာအကြောင်းကို ဘယ်တစ်ခုမှ မသိရှိသည်ဖြစ်စေ၊ သင်သည် သခင်ယေရှုကို မယုံကြည်သောသူဖြစ်စေ၊ သင်လုပ်ချင်သည့်အတိုင်းလုပ်ဆောင်ပြီး ပညတ်တော် ၁၀ ပါးကိုချိုးဖောက်နေသည်ဖြစ်စေ၊ သင်သည် ခရစ်ယာန်တစ်ယောက်ဖြစ်နေဆဲပင် ဖြစ်လိမ့်မည်။ အနည်းဆုံး၊ အုပ်ချုပ်သူအစိုးရနှင့် ရောမကတ်သလစ်အသင်းတော်သည် သင်သည် အဘယ်သို့သောသူ၊ အဘယ်သူဖြစ်ကြောင်းပြောဆိုလိမ့်ဦးမည်။

သို့သော် သခင်ယေရှုသည် အစိုးရမင်းများ သို့မဟုတ် အ သင်းတော်များပြောဆိုသကဲ့သို့ အဘယ်သူကိုမှ ခရစ်ယာန်တစ်ဦးဟု မသတ်မှတ်ပါ။ သခင်ယေရှု၏အသက်စာအုပ် (သို့) စာစောင်၌ပါသော ခရစ်ယာန်များသည် သခင်ယေရှုနောက်သို့လိုက်ရန် ရွေးချယ်ခဲ့ကြပြီး၊ အောင်မြင်သောသူများ ဖြစ်သည်။ ဗျာဒိတ်ကျမ်း ၃:၅။ သူတို့သည် သူတို့၏အပြစ်များအတွက် သခင်ယေရှု၏ခွင့်လွှတ်ခြင်းကို လက်ခံကြသည်။ ယခုတွင်၊ သန့်ရှင်းသောဝိညာဥ်တော်၏အကူအညီအားဖြင့် သခင်ယေရှုအကြောင်းကို သူတို့အားလုံးသည် သင်ယူနိုင်သမျှ သင်ယူနေခဲ့ကြပြီး၊ သူတို့အ ဘယ်သို့ သိရှိသည့်အလျောက် သခင်ယေရှုကဲ့သို့ အသက်ရှင်နေထိုင်နေကြသည်။ ရှင်ယောဟန်ခရစ် ဝင် ၁၂:၂၆။ ဤအရာသည် နားလည်ရန် အလွန်အရေးကြီးလှပါသည်။

အ သ င်း တော်သ ည် အ မှ န်တ က ယ်မှာ မ ည်သ ည့်အ ရာ ဖြ စ်ကြောင်း ရောမမြို့ရှိတစ်ကိုယ်ကောင်းဆန်သော အသင်းတော်ခေါင်းဆောင်များက လူများစွာတို့ကို ရှုပ်ထွေးစေခဲ့သည်။ သခင်ယေရှုကို ချစ်သောသူများ၊ သခင်ယေရှုကို သူတို့၏အသက်တာသခင်အဖြစ် လက်ခံသောသူများသည်သာ အသင်းတော်သို့ ဝင်သင့်ကြောင်းကို သူတို့ မေ့သွားခဲ့ကြသည်။ အသင်းတော်ထဲ ဝင်ရောက်ခြင်းသည် လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ရွေးချယ်ရမည့် ရွေးချယ်မှုဖြစ်ကြောင်းကို သူတို့မေ့နေခဲ့ကြသည်။ သူတို့က အသင်းတော်သည် နယ်နိမိတ်များရှိသောတိုင်းပြည်နှင့် တူသည်ဟု ထင်မြင်ကြပြီး၊ နယ်နိမိတ်အတွင်းရှိလူတိုင်းသည် ခရစ်ယာန်ဖြစ်သည်ဟု ဆိုကြသည်။ ပထမ၌၊ သူတို့သည် အသင်းတော်ကို အင်ပါယာကဲ့သို့ နယ်မြေပမာဏအချို့ဖြစ်သည်ဟု ထင်မြင်ခဲ့ကြသည်။ ထို့နောက် သူတို့က အသင်းတော်သည် ကမ္ဘာတစ်ခုလုံးဖြစ်သည်ဟု ဆုံးဖြတ်လိုက်ကြသည်။

အသင်းတော်၏ ဆုံးဖြတ်ချက်မည်သည့်အရာမဆို တိုင်းပြည်၏ဥပဒေဖြစ်သင့်သည်ဟု သူတို့ယုံကြည်သည်။ ထို့နောက် အယူမှားသူမှာ အသင်းတော်ခေါင်းဆောင်များမှ အဘယ်သူမဆို ပြောခဲ့သည့်အရာများသည် အန္တရာယ်ကြီးသောအမှားများကို သွန်သင်ခဲ့သောသူ သို့မဟုတ် သူတို့ပြုလုပ်၊ ဟောပြောခဲ့သည်နှင့် မတူကွဲပြားစွာ ယုံကြည်ခဲ့သောသူသည် အယူမှားသူဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ သူတို့သည် ဤသို့ ဆုံးဖြတ်ခဲ့သည်။ ဆိုလိုသည်မှာ မှားယွင်းသူများကို အပြစ်ဒဏ်ပေးသင့်သည်ဟု ဆိုလိုသည်၊ မကြာခဏအားဖြင့် ၎င်းသည် သေခြင်းကို ဆိုလိုပါသည်။

**လက်တွေ့ကျင့်သုံးရန်။** တစ်ခါတရံ အသင်းဝင်များသည် အမှန်တရား၌ယုံကြည်ခြင်းကို ရပ်တန့်ကြသည်။ ထိုအရာဖြစ်ပျက်သောအခါ ကျွန်ုပ်တို့ဘာလုပ်သင့်ကြောင်း သမ္မာကျမ်းစာက မည်သို့ပြောဆိုထားသနည်း။ တိမောသေဩဝါဒစာ ပဌမစောင် ၅:၂၀၊ တိမောသေဩဝါဒစာ ဒုတိယစောင် ၃:၅၊ သက်သာလောနိတ်ဩဝါဒစာ ဒုတိ ယစောင် ၃:၆။

“ဆုံးမခြင်း၊” “ရှောင်ကျဉ်ခြင်း၊” “ဖယ်ရှားခြင်း (သို့) ရုတ်သိမ်းခြင်း၊” ထိုအရာများသည် အသင်းတော်အား လူတို့ကို ဆုံးမရန် ခွန်အားအကြီးမားဆုံးသောဆုံးမသည့် နည်းလမ်းများ ဖြစ်သည်။ သတ်ဖြတ်မှု မရှိဘူးလား။ မရှိပါ။ မသတ်ပစ်ရပါ။

## တနင်္လာနေ့ | အယူမှားသူကို မည်သို့အပြစ်ဒဏ်ပေးခြင်း ၂

လူတစ်ဦးတစ်ယောက်က တစ်စုံတစ်ခုကို အမှားပြုလုပ် သောအခါ၊ သခင်ယေရှုသည် သူ့ကို ချစ်နေဆဲဖြစ်သည်။ ထို့အတူ ကျွန်ုပ်အားလည်း သူ့ကိုချစ်ရန်နှင့် ကူညီဖို့ကြိုးစားရန် သူအလိုရှိပါသည်။ ထိုပုဂ္ဂိုလ်သည် သူ၏အမှားကို နားလည်ရန်လိုအပ်ပါသည်။ သူ့အမှားကို မြင်ရန် ကျွန်ုပ်တို့သည် ကြင်နာစွာကူညီပေးနိုင်ကောင်းပေးနိုင်မည်ဖြစ်သည်။ သူသည် အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုးနှစ်ခုကြား ကွာခြားမှုကို နားလည်ရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ထိုအရာများကို သူ့အားဖော်ပြနိုင်ကောင်းနိုင်လိမ့်မည်။ သူသည် နောင်တရရန် လိုအပ်ပါသည်။

ကွန်စတင်တိန်းသည် အသင်းတော်ခေါင်းဆောင်များအား အင်ပါယာ၏ဩဇာအာဏာကိုပေးအပ်သောအခါ၊ လူတို့သည် သူတို့ ၏စကားကို နာခံဖို့ အတင်းအကျပ်တွန်းအားပေးရန် ထိုအာဏာကို အသုံးပြုလာခဲ့ကြသည်။ အဘယ်သို့ပင်ဖြစ်စေကာမူ၊ သမ္မာကျမ်းစာ၌ ထိုသို့သောဆိုးသွမ်းမှုများအတွက် မည်သည့်အထောက်အပံ့မျှ မရှိကြောင်း သူတို့သိခဲ့သည်။

ထို့နောက် သမ္မာကျမ်းစာသည် အတင်းအကျပ်အသုံးပြု ပညတ်ထားသည့်ပုံနှင့်တူအောင် ပြုလုပ်ရန် နည်းလမ်းတစ်ခုကို သူတို့တွေ့ရှိခဲ့သည်။ ၎င်းအကြောင်းကို သင်ရှာတွေ့နိုင်လျှင် ရှာကြည့်ပါ။ ရှင်လုကာခရစ်ဝင် ၂၂:၃၈။

၎င်းအကြောင်းကို သင်မြင်တွေ့ပါသလား။ သင်မတွေ့ပါက စိတ်မပူပါနှင့်။ သင်သည် မျက်စိကန်းသောသူ မဟုတ်ပေ။ ရှင်လုကာခရစ်ဝင်ကျမ်း၌ အခန်းငယ်သည် ဘယ်နည်းလမ်းနှင့်မျှ အတင်းအကျပ် တွန်းအားပေးအသုံးပြုခြင်းကို မဖော်ပြထားပါ။ သို့သော် တစ်ချိန်တစ်ခါ၌ အနည်းငယ်သောလူများသည် သမ္မာကျမ်းစာကို အမြဲပိုင်ဆိုင်သောအခါ သို့မဟုတ် အမြဲတွေ့မြင်သောအခါ၊ ၎င်းသည် အသင်းတော်လိုအပ်ခဲ့သော အကြောင်းပြချက်အားလုံးဖြစ်လာခဲ့သည်။



၎င်းကို “ဓားနှစ်ချောင်း” ဩဝါဒဟု သိနေဆဲဖြစ်သည်။ ဓားတစ်ချောင်းမှာ၊ အသင်းတော်၏ဝိညာဥ်ရေးရာတန်ခိုး ဖြစ်သည်ဟု သူတို့ ပြောဆိုခဲ့ကြသည်။ သို့သော် ဘုရားသခင်သည် အသင်းတော်အား ဓားနှစ်ချောင်း (သို့) ဓားနှစ်လက်ကို ပေးထားခဲ့သည်။ ဒုတိယတစ်ချောင်းမှာ အသင်းတော်သွန်သင် သောအရာများသည် အင်ပါယာ၏တန်ခိုး အာဏာဖြစ်ပြီး၊ အသင်းတော်မှ ထိန်းချုပ်ထားသော ဩဇာအာဏာတန်ခိုးဖြစ်သည်။ ဤဓားသည် ဓားအမှန်ဖြစ်၍ လူများကို သတ်သောဓားအမျိုးအစားဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** အတင်းအကျပ်တွန်းအားပေးအသုံးပြုခြင်းအကြောင်းနှင့် ပတ်သက်၍ သမ္မာကျမ်းစာက ဘာပြောထားသနည်း။ ရှင်မဿဲခရစ်ဝင် ၅:၃၉၊ ၂၆:၅၂၊ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၂:၂၁-၂၃။ အဘယ်သို့သော ဓားအမျိုးအစားကို စစ်မှန်သောခရစ်ယာန်များက အသုံးပြုလိမ့်မည်နည်း။ ဧဖက်ဩဝါဒစာ ၆:၁၇။

## သောကြာနေ့ | ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏သား ၄

ဤ “အသင်းတော်အသစ်” ၏အစကို ကျွန်ုပ်တို့သည် လုံလောက်စွာ လေ့လာနေပြီဖြစ်သည်။ ကျွန်ုပ်တို့တွေ့မြင်ခဲ့သောအရာများက သိပ်သဘောကျစရာ မကောင်းခဲ့ပေ။ ဤနှိပ်စက်ညှဥ်းပန်းနှိပ်စက်မှုအာဏာအောက်မှာ ဒုက္ခခံစားခဲ့ရပြီး၊ သေဆုံးခဲ့သူများ မရေမတွက်နိုင်အောင်များပြားလှသည့်လူများအကြောင်း ကျွန်ုပ်တို့မစဥ်းစားမိတော့သောအခါ၌ စိတ်ဝင်စားစရာကောင်းပေမယ့် ၎င်းအကြောင်းသည် အလွန်ပင်ဝမ်းနည်းစရာကောင်းပါသည်။

သခင်ယေရှုနောက်လိုက်ခြင်းမှ လမ်းလွဲသွားသောသူတို့၏ အတွေးသည် ဝမ်းနည်းဖွယ်ကောင်းနေဆဲ ဖြစ်သည်။ သူတို့သည် ၎င်းတို့အား သွန်သင်ပေးသည့် အယူမှား-တစ်ဝက် ဘာသာတရားကို ကျေနပ်ရောင့်ရဲနေကြသော်လည်း၊ သခင်ယေရှုအား သူတို့၏ ကယ်တင်ရှင်အဖြစ် အမှန်တကယ်မသိဘဲ သေဆုံးရခြင်းသည် အဆိုးဆုံးဖြစ်သည်။

သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၂:၃၀၁၂ ကို ယခုဖတ်ပါ။ ကျွန်ုပ်တို့သည် အမှားပြုမိသောအရာများနှင့် ပတ်သက်၍ အဘယ်ကြောင့် ဤမျှအချိန်များစွာအသုံးပြုလျက် လေ့လာသင်ယူခဲ့ရသနည်း။ အဘယ်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့သည် ယခုလေ့လာနေသော “အသင်းတော်အသစ်” သည် နောက်လာမည့်နှစ်ပေါင်း ၁,၂၆၀ အတွင်း ကမ္ဘာအနှံ့အပြားတွင် ဩဇာအာဏာအရှိဆုံး၊ အင်အားအကောင်းဆုံး ဘာသာရေးအာဏာဖြစ်သည်။ ဘုရားသခင့်နောက်လိုက်အားလုံးနီးပါးသည် ဘုရားသခင်အပေါ်သစ္စာစောင့်သိမည်လော၊ ဤအသင်းတော်အပေါ် သစ္စာစောင့်သိမည်လောဟူသော မေးခွန်းနှင့် ရင်ဆိုင်ခဲ့ရသည်။ သခင်ယေရှုခရစ်တော်အား သစ္စာရှိရန် ရွေးချယ်ခဲ့သူ သန်းပေါင်းများစွာတို့သည် မိမိတို့၏ အသက်ကို ဆုံးရှုံးခဲ့ရကြသည်။

အရာရာကိုအမှန်ပြင်ဆင်ခြင်းသည် ဧဝံဂေလိတရား၏ လုပ်ငန်းဖြစ်သည်ကို ကျွန်ုပ်တို့လည်း သတိရရန် လိုအပ်ပါသည်။ အသင်းတော်ထဲသို့ဝင်ရောက်လာသောအမှားများ၊ ယူဆောင်လာသော အယူမှားများကို မသိသောသူများသည် “ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏သား” အကြောင်းနှင့် ပတ်သက်၍လည်း ပေါလုပြောသောစကားကို နားလည်မည်မဟုတ်ပါ။ ထို့အပြင် ဧဝံဂေလိတရား လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုမှာ “ပျက်စီးခြင်း၏သား” ကို လူတိုင်းအား “ဖော်ပြပေးရန်” သို့မဟုတ် ပြသရန် ဖြစ်သည်။

ဤသမိုင်းကြောင်းကို သိဖို့ရန် နောက်ထပ်အရေးကြီးသောအကြောင်းပြချက်ကို ရှင်ပေါလု၏သတိပေးချက်၌ တွေ့ရှိရပါသည်။ သူသည် မတူညီသောအချိန်ကာလ နှစ်ခုကို ဖော်ပြထားပါသည်။ ပထမတစ်ခုမှာ သူ၏အချိန်ကာလ၌ဖြစ်ပျက်နေသောအရာများ အကြောင်းကို သူရေးသားသည် (အငယ် ၇) နှင့် ဒုတိယတစ်ခုမှာ သခင်ယေရှုပြန်မကြွလာမီ ကျွန်ုပ်တို့အချိန်ကာလ၌ ဖြစ်ပျက်လာမည့်အရာများ အကြောင်းကို သူရေးသားခဲ့သည် (အငယ် ၈)။

ဤမျှလောက်များစွာသော ကျမ်းစာပုံပြင်များကဲ့သို့ပင် “ဒုစရိုက်တည်းဟူသော ပျက်စီးခြင်း၏သား” မှ “အသင်းတော်အသစ်” ကို တည်ထောင်ခြင်းသည် အလွန်မဝေးတော့သောအနာဂတ်မှာ စာတန်အနေဖြင့် “တန်ခိုးအားလုံး၊ နိမိတ်လက္ခဏာများ၊ လိမ်လည်မှု များ၊ မဖြောင့်မတ်သောလှည့်စားမှုများနှင့်အတူ” ဆောင်ရွက်မည့်အရာများကို သရုပ်ဖော်ပြခြင်းဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၂:၁၂ တွင် “မတရားသောအမှု၌ပျော်မွေ့သောသူ” အကြောင်းဖော်ပြထားသည်။ အပြစ်ပြုလိုသူတစ်ဦးအတွက် အဘယ်မျှော်လင့်ချက်ရှိသနည်း။ ထိုသူသည် ငါတို့သာဖြစ်လျှင် ငါတို့အဘို့ ဘုရားသခင်ကို အဘယ်သို့တောင်းဆိုပြုနိုင်မည်နည်း။ ယေရမိအနာဂတ္တိကျမ်း ၃၁:၃၃၊ ဆာလံကျမ်း ၄၀:၈။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ကျွန်ုပ်တို့သည် ဘုရားသခင်က သူ့အားခွင့်လွှတ်ပေးမည့်အကြောင်းကို ပြောပြပေးခြင်းအားဖြင့် သူ့ကို အားပေးနိုင်ပါသည်။

သို့သော် ထိုပုဂ္ဂိုလ်သည် နားမထောင်ပါက၊ အသင်းတော်သည် သူ့အား ဘာများလုပ်သင့်သနည်း။ သူသည် သခင်ယေရှုကို ဝတ်မပြုမကိုးကွယ်ရန် ဆုံးဖြတ်မည်ဆိုလျှင် ဘာလုပ်သင့်သနည်း။ သူသည် မကောင်းသောအရာများကို ဆက်လက်လုပ်ဆောင်နေမည်ဆိုလျှင် ဘာလုပ်သင့်သနည်း။ ထိုသို့ဖြစ်လျှင် အဘယ်သို့နည်း။

တစ်စုံတစ်ယောက်က အမှန်တကယ်မှားယွင်းမှုတစ်စုံတစ်ခု လုပ်ဆောင်နေမည်၊ ဥပမာအနေဖြင့် ခိုးနေမည်ဆိုလျှင်၊ အသင်းတော်သည် သူ့အား "ဆုံးမ" သင့်ပေသည်။ ဆိုလိုသည်မှာ အသင်းတော်သည် ထိုပုဂ္ဂိုလ်ထံ သွားရန် တာဝန်ရှိသည်။ ထိုမှုမက သူလုပ်နေသောအရာသည် မှားနေကြောင်း နားလည်ဖို့ကူညီရန် ကြိုးစားရမည်ဖြစ်သည်။ ထို့အပြင် ခရစ်ယာန်တစ်ယောက်သည် အဘယ်သို့ အသက်ရှင်နေထိုင်သင့်ကြောင်းကို ပြောပြပြီး၊ ပြသပေးရမည်ဖြစ်သည်။ မျှော်မှန်းချက်အားဖြင့်၊ ၎င်းသည် ထိုသူအား လေးလေးနက်နက် တွေးတောဆင်ခြင်ရန်နှင့် သူ၏လုပ်ရပ်များသည် မည်မျှမှားကြောင်းကို သိရှိနားလည်သဘောပေါက်ပြီး နောင်တရစေဖို့ရန် ကူညီပေးလိမ့်မည်။ ရှင်မဿဲခရစ်ဝင် ၁၈:၁၅-၁၇။

သို့သော်၊ အကယ်၍ ထိုသူသည် နာခံရန်ငြင်းဆန်ပြီး သူ့၏အပြစ်အတွက် ဝမ်းနည်းပူဆွေးစွာ သခင်ယေရှုထံမသွားနိုင်ပါက၊ အသင်းတော်သည် သူ့အား "မိဿဟာ၏လက် (သို့) ကူညီမှုလက်တစ်စုံကို ရုပ်သိမ်းရန်" လုပ်ဆောင်နိုင်ပါသည်။ ဆိုလိုသည်မှာ အသင်းတော်ပြောပြရမည့်အရာမှာ သင်၏အသက်ရှင်နေထိုင်မှုပုံစံအရ သင်သည် "ကျွန်ုပ်တို့ခရစ်ယာန်အသင်းတော်၏အစိတ်အပိုင်းတစ်ခုအဖြစ် မရွေးချယ်သည့်အတွက်၊ အသက်မရှင်ခဲ့သည့်အတွက် ကျွန်ုပ်တို့ဝမ်းနည်းရပါသည်" ဟု ပြောဆိုရမည်ဖြစ်သည်။

အမှားပြုသူများအတွက် စည်းမျဉ်းချမှတ်ခြင်းကို အသင်းတော်အားလုံးသည် ဤအရာကို ပြုလုပ်သင့်သည်။ ထိုသို့အားဖြင့် သူခိုးများနှင့် လူသတ်သမားများသည် ဘယ်တော့မှ အပြစ်ဒဏ်မခံရသင့်သည်ဟု ဆိုလိုပါသလား။ ထိုသို့မဆိုလိုပါ။ သို့သော် ထိုအရာသည် အသင်းတော်၏ အလုပ်မဟုတ်ပေ။ အဘယ်သူသည် ထိုအရာကို လုပ်သင့်သနည်း။ ရောမဩဝါဒစာ ၁၃:၁-၅။

**လက်တွေ့ကျင့်သုံးရန်။** ခရစ်ယာန်များအနေဖြင့် အစိုးရအောက်၌ သူတို့အားကာကွယ်စောင့်ရှောက်ရန်ကြိုးစားသည့်အခါ ကျေးဇူးတင်သင့်သည်။ အခြားသူများအားခိုးယူခြင်းနှင့် ထိခိုက်ခြင်းမှ မကောင်းသောသူများကို ဖမ်းရန်၊ ထိန်းသိမ်းရန်နှင့် ကာကွယ်ရန် ရဲတပ်ဖွဲ့ မရှိခြင်းသည် မည်သို့ဖြစ်မည်ကို မြင်ယောင်ကြည့်ပါ။

## အင်္ဂါနေ့ | "လမ်းလွဲခြင်း" ၃

အသင်းတော်ခေါင်းဆောင်များက အသင်းတော်အကြောင်းနှင့် ပတ်သက်၍ သမ္မာကျမ်းစာပြောဆိုသည့်အရာများအကြောင်းနှင့် မှားယွင်းသောအမှုများ ပြုလုပ်နေသည့်အသင်းသူအသင်းသားများကို အသင်းတော်သည် မည်သို့လုပ်ဆောင်သင့်သည့်အကြောင်းကို မေ့လျော့သောအခါ သို့မဟုတ် လျစ်လျူရှုသောအခါ၊ သူတို့သည် သူတို့နှင့်သဘောမတူသူများ သို့မဟုတ် သူတို့ကို ဆန့်ကျင်သောသူများကိုသာ အပြစ်ပေးရန် စတင်ခဲ့ကြသည်။ ထိုသို့အားဖြင့် အသင်းတော်အသစ်၏အယူမှားဓလေ့ထုံးစံများကို သဘောမတူသူ များစွာရှိခဲ့သည်၊ ထို့ကြောင့် များစွာသောသူများတို့သည် အပြစ်ဒဏ်ပေးခြင်းကို ခံခဲ့ကြရသည်။ ထို့အပြင်၊ ထောင်နှင့်ချီသောသူတို့သည် မရေမတွက်နိုင်သောရန်ပွဲများနှင့် အဓိကရုဏ်းများကြောင့် သေဆုံးခဲ့ရပြီး၊ ဂိုဏ်းချုပ်ဘုန်းတော်ကြီးတစ်ပါးသည် အခြားနောက်တစ်ပါးထက် ပို၍အရေးကြီးသည်ဟူသည့် ထိုမိုက်မဲသောအရာများသည် မကြာခဏဖြစ်ခဲ့သည်။



သူတို့ ကြုံတွေ့ခဲ့ရသော တိုက်ပွဲများ အားလုံးအကြောင်းကို သင်ယူလေ့လာရန် ကျွန်ုပ်တို့၌အချိန်မရှိပါ၊ သို့သော် ကျော်ကြားသူနှစ်ဦးသည် စာလုံးပေါင်းတစ်လုံးတည်းသာ ကွာခြားမှုရှိသောစကားလုံးများပေါ်တွင် တစ်ခုပြီးတစ်ခုရှိသည်။ ထိုအရာတစ်ခုတည်း မဟုတ်ပါ။ စကားလုံးများ၏ဆိုလိုရင်းမှာ ဆင်တူရိုးမှားဖြစ်သည်။ ၎င်းစကားလုံးသည် လူအများငြင်းခုံခဲ့ကြသော "၎င်းသည် ကြီးသောခွေးတစ်ကောင်ဖြစ်သည် (It is a big dog) သို့မဟုတ် ၎င်းသည် ကြီး မားသောခွေးတစ်ကောင်ဖြစ်သည် (It is a large dog)" ဟူသောစကားလုံး ကဲ့သို့ပင်ဖြစ်သည်။

မှန်ပါသည်၊ သူတို့သည် ခွေးများအကြောင်းပြောနေကြသည် မဟုတ်ပါ။ သို့သော် အငြင်းပွားမှု၏ မိုက်မဲမှုကို ကျွန်ုပ်တို့ကြည့်ရှုသောအခါ သူတို့က အသေးအဖွဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ငြင်းခုံတိုက်ခိုက်နေကြသည်ကို တွေ့ရလွယ်ကူသွားပါသည်။

ဤကဲ့သို့သောလူအမျိုးအစားကို တိမောသေဩဝါဒစာ ပဌမစောင် ၆း ၃-၅ ၌ ရှင်ပေါလုက အဘယ်သို့ဖော်ပြခဲ့သည်ကို ဖတ်ပါ။

အသင်းတော်ခေါင်းဆောင်အများစုသည် သူတို့၏အချိန်နှင့် ခွန်အားအများစုကို မိုက်မဲသောအငြင်းပွားမှုများအပေါ် အသုံးပြုခြင်းအားဖြင့်၊ လူများက စစ်မှန်သောခရစ်ယာန်ဘာသာ၏အနှစ်သာရနှင့် ပတ်သက်၍ ရှုပ်ထွေးသွားပြီး "လမ်းလွဲ" သွားခဲ့ကြလေသည်။ ထို့ပြင် သူတို့သည် သမ္မာကျမ်းစာ၏အမှန်တရားများကို စွန့်လွှတ်လိုက်သောအခါ၊ အယူမှားအတွေးအခေါ်များနှင့် အကျင့်ဓလေ့များကို ၎င်းသမ္မာကျမ်းစာမှ အမှန်တရား၏နေရာတွင် အစားထိုးခဲ့ကြသည်။ ထို့နောက် သူတို့သည် အမှန်တကယ်အရေးကြီးသောအရာများကို မကြာခဏလျစ်လျူရှုခဲ့လေတော့သည်။

နှစ်ပေါင်းများစွာ (အေဒီ ၃၀၀ မှအေဒီ ၄၅၀) အကြောင်း ကျွန်ုပ်တို့ပြောဆိုနေကြသည့်အယူမှားဘာသာ၌ အများသဘောတူထားသော အလေ့အကျင့်များစွာသည် ဤ "ခရစ်ယာန်ဘာသာ" အသစ်ထဲသို့ ရောက်ရှိခဲ့သည်။ ဤစာမျက်နှာ၏အောက်၌ အနည်းငယ်ကို ဖော်ပြထားပါသည်။

**လက်တွေ့ကျင့်သုံးရန်။** တစ်ကိုယ်ကောင်းဆန်သော ခေါင်းဆောင်များက လူကြိုက်များလိုသောကြောင့် ဤပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ကျွန်ုပ်တို့သည် အထင်ကြီးမှုနှင့် ထင်ပေါ်ကျော်ကြားမှုကို အခြားသူများမှ ခံလိုသောကြောင့် ကျွန်ုပ်တို့သည် အရာရာကို ပြုလုပ်သင့်ပါသလား။ ရှင်လုကာခရစ်ဝင် ၆း၂၆၊ ယေရမိအနာဂတ္တိကျမ်း ၄၅:၅။

အေဒီ ၃၀၇ - ရေဖြန်းခြင်းဖြင့် ဗတ္တိဇံခံခြင်းအားဖြင့် ရေနှစ်ခြင်း ဗတ္တိဇံကို အစားထိုးခဲ့သည်။
အေဒီ ၃၂၁ - အနားယူရာနေ့ရက် ဥပုသ်နေ့ကို တနင်္ဂနွေသို့ ပြောင်းလဲခဲ့သည်။
အေဒီ ၃၇၅ - သူတော်စင်များ၏ဝတ်ပြုကိုးကွယ်မှုကို စတင်ခဲ့သည်။
အေဒီ ၄၀၀ - သေလွန်သူများကို ဝတ်ပြုကိုးကွယ်ခြင်း စတင်တည်ထောင်ခဲ့သည်။
အေဒီ ၄၁၆ - အသင်းတော်က ကလေးတွေကို စတင် နှစ်ခြင်းပေးသည်။
အေဒီ ၄၃၂ - အပျိုစင်မာရိကို ဝတ်ပြုကိုးကွယ်ခြင်း စတင်ခဲ့သည်။

## ဗုဒ္ဓဟူးနေ့ | တောထဲသို့ ၄

အသင်းတော်ထဲသို့ ပြောင်းလဲလာသည့်အပြောင်းအလဲများ စာရင်းကို ပြန်ကြည့်ပါ။

ဤပြောင်းလဲမှုများတစ်ခုစီသည် ကျမ်းစာအမှန်တရားအချို့ကို ဖယ်ရှားပစ်လိုက်ပြီး၊ အယူမှားအတွေးအခေါ်ကို သမ္မာကျမ်းစာ၏ အမှန်တရားနေရာ၌ အစားထိုးထည့်ထားလိုက်သည်။ သို့သော် အသင်းတော်ထဲသို့ ဝင်ရောက်လာသော ဤအယူမှားဓလေ့ထုံးစံများကို လက်ခံရန် ဆွဲဆောင်၍မရသော ဘုရားသခင်၌ စိတ်ရင်းမှန်သောခရစ်ယာန်များစွာ ရှိနေသေး၏။ သူတို့သည် သမ္မာကျမ်းစာ၏ အမှန်တရားကို ယုံကြည်သောသူတို့၏ယုံကြည်ခြင်းကို လက်မလျှော့ခဲ့ကြပါ။ သို့သော် ကျွန်ုပ်တို့သည် ဤလူများအကြောင်းနှင့် ပတ်သက်၍ အနည်းငယ်ကိုသာ သိရှိကြရပါသည်။ အဘယ်ကြောင့်ဆိုသော် အသင်းတော်ခေါင်းဆောင်များက အခြားသူများနှင့် သဘောမတူကြောင်း၊ သဘောမတူသောအရာများကို လူအများမသိစေဖို့ရန် အတတ်နိုင်ဆုံးကြိုးစားလုပ်ဆောင်ခဲ့သည်။



အသင်းတော်၏ဩဇာအာဏာသည် ကြီးထွားလာသည် နှင့်အမျှ၊ သမ္မာကျမ်းစာအပေါ်သစ္စာစောင့်သိသူများသည် မကြာခဏ နှိပ်စက်ညှဉ်းပန်းခံခဲ့ရပြီး၊ သူတို့ကို အသင်းတော်ခေါင်းဆောင်များက ဩဇာအာဏာအရှိဆုံးနှင့် ဩဇာအရှိဆုံးသောမြို့ကြီးများမှ အဝေးသို့ပြောင်းရွှေ့ဖို့ရန် အတင်းအကျပ်ပို့ခဲ့လေသည်။

ဤသစ္စာရှိသော ခရစ်ယာန်များသည် ဥပုသ်နေ့ကို ဆက်လက်အောက်မေ့ခဲ့ကြပြီး၊ ဘုရားသခင်တောင်းဆိုသကဲ့သို့ သူတို့သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကြသည်နှင့်အညီ၊ သူတို့သည် မြို့များမှ ပို၍ပို၍ဝေးလံသောကျေးလက်ဒေသများသို့ ပြောင်းရွှေ့ခဲ့ရသည်။ တစ်ခါတစ်ရံ သူတို့သည် အလွန်အကွာအဝေးများသောနေရာသို့ ရွှေ့ပြောင်းခဲ့ကြသည်။ ထို့ကြောင့်သာ သူတို့သည် လွတ်လပ်စွာနှင့် ဘေးကင်းလုံခြုံစွာကိုးကွယ်နိုင်ခဲ့ကြလေသည်။ ဤလူများအကြောင်းကို လာမည့်သင်ခန်းစာများ၌ ကျွန်ုပ်တို့သည် ပို၍လေ့လာသင်ယူကြရမည်ဖြစ်သည်။

"တော၌ရှိသောအသင်းတော်" အကြောင်း ယောဟန်၏ သက်သေတ ဖော်ပြချက်ကို ဖတ်ပါ။ ဗျာဒိတ်ကျမ်း ၁၂း၆၊ ၁၄။ ချစ်ခြင်းမေတ္တာရှိသောဘုရားသခင်တစ်ပါးတည်းသာလျှင် သူ၏သစ္စာရှိနှိပ်စက် ညှဉ်းပန်းခံရသောလူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းရန် "နေရာတစ်ခု" ကို ပြင်ဆင်လိမ့်မည်။ သူတို့သည် ဘုရားသခင်ကို ငြင်းပယ်ခြင်းထက် အသေခံမည်မှာ အံ့ဩစရာမဟုတ်ပါ။

ရောမမြို့ရှိအသင်းတော်ခေါင်းဆောင်များ၏ ဩဇာအာဏာလွှမ်းမိုးမှုသည် နှစ်ပေါင်းကြာကြာ မကျယ်ပြန့်ခဲ့ပါ။ အမှန်တကယ် မှာ၊ ခရစ်ယာန်အများစုသည် ကြာမြင့်စွာကတည်းက ရောမရှိအသင်းတော်က တစ်စုံတစ်ရာကို မတူကွဲပြားစွာလုပ်ဆောင် နေသည်ကို သိခဲ့ကြသည်။

"ရောမရောက်ရင် ရောမလိုကျင့်" ဟူသော စကားအသုံး အနှုန်းကို သင်ကြားဖူးပါလိမ့်မည်။ ဤအသုံးအနှုန်း၏မူလသည် ဥပုသ်စောင့်ခြင်းနှင့် ပတ်သက်နေသည်ကို လူအနည်းငယ်မျှသာ သိကြပါသည်။ အခြားနေရာများတွင်လည်း ခရစ်ယာန်များသည် စစ်မှန်သောသတ္တမနေ့ဥပုသ်နေ့ရက်ကို စောင့်ထိန်းခဲ့ကြသည်။ သို့သော် ရောမမြို့၌ရှိသောသူများမှာမူ တနင်္ဂနွေနေ့ကိုသာ စောင့်နေခဲ့ကြသည်။ ထို့ကြောင့် သင်သည် သမ္မာကျမ်းစာကိုနာခံရန် ရဲရင့်စွာသတ္တိမရှိပါက၊ သင်သည် ရောမသို့သွားသောအခါ "ရောမလူမျိုးများကဲ့သို့" လုပ်ဆောင်ပြီး တနင်္ဂနွေနေ့၌ ဝတ်ပြုကိုးကွယ်လိမ့်မည်ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ရောမမြို့၏ အကြီးမားဆုံးဩဇာအာဏာလွှမ်းမိုးမှုသည် မြို့ကြီးများ၌ဖြစ်သည်။ လူသူကင်းမဲ့သော တိုင်းပြည်များတွင် နေထိုင်ခြင်းသည် လူများတို့အတွက် ဥပုသ်စောင့်ရန် မည်သို့လွယ်ကူစေခဲ့သနည်း။

## ကြာသပတေးနေ့ | ဓားနှစ်ချောင်း ၅



ရောမမြို့၌စတင်ခဲ့သော ကက်သလစ်အသင်းတော်သည် အမှန်တရားကို အယူမှားအတွေးအခေါ်များဖြင့် တဖြည်းဖြည်း အစားထိုးခြင်းအားဖြင့် ခရစ်ယာန်ဘာသာကို ဖြည်းဖြည်းချင်း ပြောင်းလဲစေခဲ့သည်။

သို့သော် အသင်းတော်ခေါင်းဆောင်များ မနှစ်သက်သောပြဿနာတစ်ခုမှာ- လူအများစုက သူတို့နှင့် သဘောမတူညီခြင်း ဖြစ်သည်။ ဤသူတို့သည် တနင်္ဂနွေနေ့၌ ဘုရားရှိခိုးကျောင်းသို့ မသွားပါ၊ သူတော်စင်တို့ကို မကိုးကွယ်၊ သူတို့သည် မိမိတို့ကလေးများအား ရေဖြန်းအားဖြင့် ဗတ္တိဇံကိုမခံကြပါ၊ သူတို့ သည် "အပျိုစင်မာရိ" ကို ဆုတောင်းခြင်းမပြုခဲ့ပါ။ ထို့အပြင် အသင်းတော်ခေါင်းဆောင်များ လုပ်ဆောင်စေလိုသည့်အတိုင်း မလုပ်ဆောင်သူများစွာ ရှိလေသည်။ ထိုသို့ဆိုသော် ဤပြဿနာနှင့် ပတ်သက်၍ သူတို့သည် မည်သည့် အရာများ လုပ်ဆောင်နိုင်မည်နည်း။

ရောမမြို့ရှိအသင်းတော်သည် လူတို့အား နှစ်ပေါင်းများစွာ သူမ (အသင်းတော်)၏မိန့်မှာချက်များကို လိုက်နာဖို့ရန် အတင်းအကျပ်တွန်းအားပေးသည့် နည်းလမ်းတစ်ခုလိုချင်ခဲ့သည်။ သို့သော် သူမသည် ယေရှု၏နာမဖြင့် ဤအရာကို မည်သို့လုပ်ဆောင်နိုင်သနည်း။ သူတို့၏ကျမ်းစာကို သိသည့် လူအတော်များများက တပည့်တော်တို့အား ယေရှုခရစ်တော် မိန့်မှာခဲ့သောအရာများကို အမှတ်ရခဲ့ကြသည်။ ရှင်မာကုခရစ်ဝင် ၁၀:၄၂-၄၅ ကို ဖတ်ပါ။